# တံတားတည်ဆောက်သူ



အဝေးပြေးလမ်းမကြီးပေါ်၌ ခရီးထွက်လာသော အဖိုးအိုတစ်ဦးသည် အေး၍ မိုးမှောင်ကျနေသော တစ်ညတွင် ရောမချောက်ကြီးရှိပြီး နက်ရှိုင်းကျယ်ပြန့်ကာ ရေစီးကြမ်းသောချောင်းကို ဖြတ်ရန်ရောက်လာပါသည်။ အဖိုးကြီးသည် နေဝင်ဆည်းဆာ မှိန်မှိန်အောက်တွင် ချောင်းကို ဖြတ်ကျော်ပါသည်။ ဒေါသတကြီးစီးနေသော စမ်းချောင်းက အဖိုးအိုအား ကြောက်ရွံ့စိတ်ကို မဖြစ်စေခဲ့ပေ။ သို့သော် တစ်ဖက်ကမ်းဘေးလွတ်ရာသို့ ရောက်သောအခါ သူသည် ပြန်လှည့်လာပြီး ရေစီးကြောင်းကိုဖြတ်၍ ပေါင်းကူးတံတားခင်းရန် စတင်တည်ဆောက်လေသည်။

အနီးအနားရှိ ခရီးသွားဖော်တစ်ဦးက "အဖိုးကြီး၊ ခင်ဗျား ဒီနေရာမှာ တံတားလာဆောက်တာဟာ ခွန်အား ဖြုန်းတီးတာပဲ။ ခင်ဗျား သွားရမယ့် ခရီးက ဒီနေ့ပြီးရင် ဆုံးပြီပဲ။ နောက်တော့ ဒီနေရာကို ခင်ဗျား ဘယ်တော့မှ ဖြတ်ရမှာ မှ မဟုတ်တော့တာ။ ခင်ဗျားဟာ နက်ရှိုင်းကျယ်ပြန့်တဲ့ ချောက်နက်ကြီးကို ဖြတ်ခဲ့ပြီးပြီဘဲ။ ဘာကြောင့် ဒီရေစီးသန်တဲ့ချောင်းမှာ တံတားဆောက်ရတာလဲ?"

တံတားဆောက်သူက သူ၏ ဆံပင်ဖြူနေသော ဦးခေါင်းကို မော့လိုက်၍ "ကောင်းသောသူငယ်ချင်း ကျွန်တော်လာခဲ့တဲ့ လမ်းကြောင်းမှာ ဒီနေ့ ကျွန်တော့်နောက်က လိုက်လာတဲ့ လူငယ်ဟာ ဒီနေရာကို ရောက်လာလိမ့်မယ်။ ဒီ ချောက်နက်ကြီးက ကျွန်တော့်အတွက် ဘာမှ မဟုတ်ပေမဲ့ ဆံပင်အရောင်ဖျော့ဖျော့နဲ့ လူငယ်အတွက် မထင်မှတ်ဘဲ အန္တရာယ် ကျရောက်နိုင်ပါတယ်။ သူလည်း ဒီနေဝင်ဆည်းဆာ အလင်းရောင်မှိန်မှိန်မှာ ဖြတ်ရဦးမယ်။ ကောင်းသောသူငယ်ချင်း၊ ကျွန်တော်ဟာ သူ့အတွက် တံတားကို ဆောက်နေတာပါ။

- Will Allen Dromgooles

---

ချမ်းအေးလှသည့် ဒီဇင်ဘာလ၏ နေ့တစ်နေ့၌ နယူးယောက်မြို့တွင် ဖြစ်ခဲ့သည့် အဖြစ်အပျက်တစ်ခု ဖြစ်ပါသည်။ (၁၀)နှစ်အရွယ်ခန့်ရှိသည့် ကောင်လေးတစ်ယောက်သည် ဖိနပ်မပါဘဲ လမ်းမကြီးတစ်ခုပေါ်ရှိ ရှူးဖိနပ်ဆိုင်တစ်ခုအရှေ့တွင်ရပ်ကာ ပြူတင်းပေါက်အတွင်းသို့ အသေအချာ စိုက်ကြည့်ကာနေရင်း ချမ်းလွန်း၍ ခိုက်ခိုက်တုန်နေပါသည်။ အမျိုးသမီးတစ်ဦးသည် သူ့နားသို့ ချဉ်းကပ်လာပြီး "ကောင်ကလေး၊ မင်းဘာဖြစ်လို့ ဒီပြူတင်းပေါက်ထဲကို စိတ်အားထက်သန်စွာနဲ့ ကြည့်နေရတာလဲ?"ဟု မေးလိုက်ရာ " ကျွန်တော် ဘုရားသခင်ကို ရှူးဖိနပ်တစ်ရံ တောင်းနေတာပါ" ဟု ကောင်လေးက ပြန်ဖြေလိုက်ပါသည်။

အမျိုးသမီးက ကောင်လေးကို လက်ဆွဲ၍ စတိုးဆိုင်အတွင်းသို့ ဝင်သွားပြီး စာရေးအား ခြေအိတ်ဒါဇင်ဝက်ကို ကောင်လေးအတွက် မှာလိုက်ပါသည်။ ထို့နောက် သူမသည် ရေနွေးတစ်ဇလုံနှင့် တဘက်ရနိုင်မည်လားဟု မေးရာ သူမက လျင်မြန်စွာ ယူလာပါသည်။ သူမက ကောင်လေးကို စတိုးဆိုင်၏ အနောက်ဖက်သို့ ခေါ်သွားပြီး သူမ၏ လက်အိတ်ကို ချွတ်ကာ ဒူးထောက်ပြီး ကလေးငယ်၏ ခြေထောက်သေးသေးလေးကို ဆေးပေးပြီးလျှင် တဘက်ဖြင့် သုတ်ပေးပါသည်။ ထိုအချိန်၌ စာရေးသည် ခြေအိတ်များဖြင့် ပြန်လည်ရောက်လာပါသည်။

ကောင်လေးအား ခြေအိတ်တစ်စုံ ဝတ်ဆင်ပေးပြီးနောက် သူမသည် ရှူးဖိနပ်တစ်ရံကိုပါ ဝယ်ပေးခဲ့ပြီး ကျန်သည့် ခြေအိတ်များကို ချည်နှောင်ကာ သူ့အား ပေးလိုက်ပါသည်။ သူမသည် ကောင်လေး၏ ခေါင်းအား ဖွဖွပုတ်ကာ "ကောင်လေး၊ အခု မင်းသက်သောင့်သက်သာရှိသွားပြီဆိုတာ သံသယဖြစ်စရာမလိုဘူး၊ မဟုတ်လား?"

သူမသည် လှည့်၍ ထွက်ခွာသွားစဉ် အလွန် အံ့အားသင့်နေသော ကောင်ကလေးက သူမအား လက်ဖြင့်ဖမ်းကိုင်လိုက်ပြီး မျက်ရည်များဖြင့် ပြည့်နေသည့် မျက်လုံးဖြင့် သူမ၏ မေးခွန်းကို ပြန်ဖြေလိုက်သည်။ "ခင်ဗျားဟာ ဘုရားသခင်ရဲ့ဇနီးလား?"

အမည်မသိစာရေးသူ

---

စွန့်လွှတ်အနစ်နာခံခြင်းသည် ဘယ်သောအခါမျှ မသေဆုံးပါ။
မေတ္တာသည် ဘယ်သောအခါမျှ မပျောက်ဆုံးပါ။
မေတ္တာသည် ယင်းအား လက်ခံသည့် နှလုံးသားများထဲတွင်
ရှင်သန်နေပါလိမ့်မည်။
မေတ္တာသည် ယင်းအား ရှုမြင်ခဲ့ရသူများအပေါ်၌ ကောင်းဖို့ရန်အတွက် လှွမ်းမိုးမှု ဖြစ်လာပါလိမ့်မည်။
မေတ္တာသည်သူ့ကိုနားလည်သူအား တင့်တယ်ခြင်းကို ပေးမည်ဖြစ်ပြီး
ယင်းအား ပေးကမ်းသူ၏ နှလုံးသားကို ကောင်းချီးပေးပါလိမ့်မည်။
မေတ္တာသည် ဘယ်သောအခါမျှ မပျောက်ဆုံးပါ။
ယင်းသည် ထာဝရတည်တံ့မည့် အရာဖြစ်သည်။

- Chloe West